
အရာရာမင်းခြေရင်းမှာ

# အခန်း(၁)

(၁)

ရန်ကုန်မိုးတဲ့လေ၊ ဟန်ရေး မပြ၊ နိဒါန်းမပျိုး ၊ အရိပ်အယောင်လေးတောင်မပြဘဲ ဝုန်းဝုန်း ဒိုင်းဒိုင်းကြီးပင် ရွာချလိုက်ပါတော့သည်။

ပြင်းပြင်းထန်ထန် တိုက်ခတ်နေသော လေဒဏ်၊ သည်းသည်းမည် းမည် း ရွာနေသော မိုးရဲ့ အင်အား။ ထိုကြီးမားသော အင်အားတွေ ကို အံတုပြီး မှု န်မှိုင်း မည် းမှော င်နေတဲ့ ပတ်ဝန်းကျင်မှာ လှုပ်ရှားတဲ့ မိန်းမငယ်လေး တဖြည်းဖြည်း အံတုနိုင်စွမ်းတွေ လျော့နည်းလာသည်။

သုံးဆစ်ချိုး ခေါက်ထီးလေးက လေအဝှေ့မှာ ယိမ်းထိုးယိုင်ခါနေသည်။ လက်တစ်ဘက်ကလည်းသားရေအိတ် တစ်လုံးကို ဆွဲထားရသည်။ ပခုံးပေါ်မှာ လွယ်ထားရသော အိတ်ကြီးရဲ့ ကြိုး က ပခုံးသားနုနုကို ဝန်နှင့် အားနှင့် ဖိခြေနေသည်။

သည်လိုနာကျင်ခံခက်သော ဝေဒနာတွေ ကို ခံစားရင်း ရင်ထဲမှာ တစ်ဆစ်ဆစ်နဲ့ပို၍ နာကျင်ထိရှလာသည်။ အပြင်မိုးနှင့် အပြိုင် သူမရဲ့ မျက်ဝန်းထဲမှလည်း မိုးတွေ သည်းသည်းမည် းမည် းပါပဲ။

မခံချင်သည့်စိတ် နာကြည်းသည့်စိတ်တွေ က ရင်ထဲမှာ အုံကြွနေသည်။ မခံချင်သည့် မာနတွေ ထဲမှာ တင်းခံနေ၍ ခိုးလို့ ခုလု အနေရခက်လှပါသည်။

မခံချင်သည့် စိတ်ကြောင့် ပဲပေါ့၊ နှင်းဝတ်ရည် ခုလိုလမ်းပေါ်ရောက်နေရသည်လေ။ နှင်းဝတ်ရည် ကလေးဆန်စွာ လွတ်လပ်ပေါ့ပါးစွာ နေခဲ့ပေမယ့် သူမရဲ့ ရင်ထဲမှာ မခံချင်သည့် မာနလေးတွေ ရှိနေသည်ပဲ။

နှင်းဝတ်ရည်ရဲ့ ရင်ထဲက မာနလေးကို နည်းနည်း မှ မရိပ်စား မတွက်ဆမိတဲ့သူက၊ ထက်လူပဲပေါ့၊ အမှတ်သည်းခြေလည်းမရှိဘူး ကလေးဆန်တယ်လို့ သူမကို သည်လောက်သာ သူက သိထားသည်ကိုး။

နှင်းဝတ်ရည်ရဲ့ ရင်ထဲမှာ ဟိုးအနက်ရှိုင်းဆုံးနေရာမှာ မဟုတ်မခံတဲ့ မာနလေးတွေ အစိုင်အခဲနဲ့ စုစုဝေးဝေးရှိနေသော ထက်လူ နည်းနည်း လေးမှ ရိပ်စား တွက်မိပုံမပေါ်။

ထက်လူဆိုသော အမည် ကို နှင်းဝတ်ရည်ရဲ့ စိတ်ထဲမှာ ဖျက်ခနဲတွေ းလိုက်ရုံနှင့် လှပသော နှုတ်ခမ်း ဖူးဖူးလေးကွေးကွေးမဲ့ ကျသွားသည်။

မျက်နှာပေါ်သို့ မညှာမတာကျလာသော သော မိုးစက်မိုးရေတွေ ကို မျက်နှာမော့ပြီး ခါထုတ် ပစ်လိုက်သည်။ လမ်းဘေး ဓာတ်တိုင်က မီးရောက်တွေ က ထူထည်း သိပ်သည်းနှောသော မိုးထုလွှာကို ဖောက်ထွင်းနိုင်ပုံမရ။

တစ်လမ်းလုံး ပိန်းပိန်းမှော င်နေသည်။ သည်အမှော င်ထဲမှာ လူသားဆိုလို့ နှင်းဝတ်ရည် တစ်ယောက် တည်းပါ။

သူမရဲ့ ဘေးပတ်ဝန်းကျင်မှာ မိုးမှု န်ပေါက်တွေ နဲ့ လေကြမ်းကြမ်း အေးအေးတွေ က လွဲပြီး ဘာမျှမရှိ။ ယိမ်းထိုး လှုပ်ခါနေတဲ့ သစ်ပင် သစ်ကိုင်းများ ကသာ သူမကိုလက်ခုပ်လက်ဝါးတီးပြီး အားပေးနေသလိုပါပဲ။

တစ်သက်နှင့် တစ်ကိုယ် နှင်းဝတ်ရည်သည် ထိုညမှော င်မှော င်မှာ တစ်ယောက် တည်း လမ်းမထွက် ခဲ့ဖူးပါ။ နောက်ပြီး သည်လိုသည်းထန်သော မိုးထဲမှာ လမ်းလျှောက်ဖို့ဆိုတာ အိပ်မက်ထဲတောင် ထည့်မက်ခဲ့သည်မှာ မဟုတ်ဘဲ။

ခုတော့ မလုပ်ဖူးသော အလုပ်၊ မလုပ်ရဲသော အလုပ်တွေ ကို မာနကမွေးဖွားပေးလိုက် တဲ့ သတ္တိတွေ နှင့် နှင်းဝတ်ရည် လုပ်ရဲနေပါပြီ။

စိုးမိုးလာတဲ့ ကြောက်စိတ်တွေ ကို နှင်းဝတ်ရည်က ဖယ်ရှားတွန်းလှန်ပစ်လိုက်သည်။

“ ဟွန်း၊ ဝတ်ရည်မှာ ခြေထောက်နှစ် ဘက်၊ လက်နှစ် ဘက်ရှိတယ်၊ အဲဒီ ခြေတွေ လက်တွေ အားကိုးပြီး အလုပ်ပြမယ်ကြည့်နေ ”

တစ်ယောက် တည်း မကျေမနပ်နှင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

" အမေ ဝမ်းထဲက ကျွတ် မွေးကာစမှာ လူတွေ မှာ ဘာပါလာလို့လဲ၊ အဝတ်အစားတောင် ပါလာလို့လား နောက်မှ သူ့ ဘာသာ သူ ဖြစ်လာတာပဲ၊ ဆင်းရဲတယ်ချမ်းသာတယ်ဆိုတာ လုပ်ယူလို့ရတယ်၊ ဟွန်း .... မကြောက် ရေး ချလုံးဝ မကြောက်ထဲကပဲ "

ကျပ်ခနဲနေအောင် အံကိုတင်းတင်း ကြိတ်လိုက်သည်။ သူတို့က နှင်းဝတ်ရည်ကို လက်ကြောမတင်းတဲ့ ဘော်ကြော့မလေး ဘာမှ မ ဖြစ်မရှိဘူးလို့ ထင်ထားကြသည်လေ။

သည်တော့ နှင်းဝတ်ရည်လည်း သိမ်းဆည်းထားရသော အရည်အချင်းတွေ ကို ထုတ်ပြရသေးသည်ပေ့ါ။ မိုးထဲလေထဲမှာ ထီးကို ငိုက်စိုက်ဆောင်းပြီး တကုတ်ကုတ်နှင့် လျှောက်နေသည်။

မျက်နှာချင်းဆိုင်မှ ကားတစ်စီးဖြတ်သွားသည်။ သူမကို မမြင်နိုင်စေရန် ထီးဖြင့် မီးရောင် ကို ကွယ်လိုက်သည်။

သည်တစ်ကားတည်းပါပဲ။ လမ်းမှာ လူအသွားအလာလည်းရှင်း ကားတွေ လည်းရှင်းနေသည်။ လမ်းပေါ်မှာ မိုးရယ် သစ်ပင်ရယ် နှင်းဝတ်ရည်ရယ်ပဲပေ့ါ။

တစ်ဘက်လမ်းသို့ နှင်းဝတ်ရည် ကူးဖို့ စိတ်ကူးလိုက်သည်။ တည်းခိုခန်းတစ်ခုမှာ သည်ညတည်းမှ ဖြစ်မည် မဟုတ်လား။

ပလက်ဖောင်းပေါ်ကနေ လမ်းပေါ်သို့ ဆင်းပြီး ဖြတ်ကူးရန် ခြေလှမ်းလိုက်သည်။

" ဟာ "

စူးရှတဲ့ မီးရောင် တန်းက မိုးစက်မိုးမှုန်များ ကို ဖောက်ထွင်းပြီးလာသည်။ ကားတစ်စီးနှင့် အလွန်နီးကပ်သော အနေအထားမှာ ဖြစ်နေသည်ကို သိလိုက်သည်။

ကားဆီမှ စူးရှကျယ်လောင်သော ဟွန်းတီးသံကြောင့် မြောက်ခနဲခုန်ပြီး

ရှောင်လိုက်သည်။ နှင်းဝတ်ရည်ဟန်ချက်တွေ ပျက်ကုန်ရမည် ။

ခေါင်းထဲမှာ ဟုန်ပြီး သိမှု တွေ သူ့ ဆီက ပြေးထွက်ကုန်သည်။ အသိတွေ ပြန်လည်စုစည်းမိချိန်မှာ တော့ နှင်းဝတ်ရည် သတိထားမိသည်က သူမရဲ့ အောက်က မာကျောသော အထိအတွေ့တွေ ပါပဲ။

စိုစွတ်နေသော ကတ္တရာလမ်းပေါ်မှာ ပက်လက်အနေအထားနှင့် နှင်းဝတ်ရည် လဲနေသည်ထီးရော လက်ထဲက အိတ်ရော၊ ပခုံးပေါ်တွင် လွယ်ထားသော အိတ်ရော မိုးရေထဲ ကတ္တရာ လမ်းပေါ်မှာ တစ်ခု တစ်နေရာစီ ပြန့်ကျဲနေသည်။

ခပ်လှမ်းလှမ်းမှာ ကားက တိခနဲ ရပ်သွားသည်။ နှင်းဝတ်ရည်ရဲ့ အပြစ်ကို ပြတင်းပေါက်က ခေါင်းတစ်လုံးပြူထွက်ပြီး လှေ့လာနေသည်။

ကြုံး ရုန်းပြီး နှင်းဝတ်ရည်က ထဖို့ကြိုး စားသည်။ ညာဘက်က တင်ပါးဆုံက သိပ်နာနေ၍ ထနိုင်ဖို့ မလွယ်ပါ။

“ အား .... ဒုက္ခပါပဲ၊ ထလို့ မရတော့ဘူး ”

ငိုသံစွက်နေသော လေသံလေးနှင့် တစ်ကိုယ်တည်း စိတ်ပျက် အားငယ်စွာ နှင့် နှင်းဝတ်ရည် ညည်းတွားလိုက်သည်။ ကားပြတင်းက ခေါင်းကားထဲသို့ ပြန်မဝင်သွားသေးပါ။ နှင်းဝတ်ရည်ရဲ့ အ ဖြစ်ကို စူးစမ်းစွာ ကြည့်နေသည်။

ဒုတိယ အကြိမ် နှင်းဝတ်ရည်ထဖို့ ကြိုး စားသည်။ တင်ပါးက ပို၍ နာလာသည်။ ပေါင်တွေ ခြေထောက်တွေ မှာ လည်း အလွန် နာကျင်နေသည်။

ကြောက်စိတ်တွေ နှင်းဝတ်ရည်ထံသို့ ဝင်ရောက်လာပါပြီ။ တစ်ကိုယ်တည်း ဖြစ်တဲ့ နှင်းဝတ်ရည်သည် လမ်းပေါ်က ဘယ်လိုထရပ်မလဲ။

မနီးမဝေးက ကားဆီသို့ လှမ်းကြည့်သည်။

“ အမလေးနော် ... ရိုင်းလိုက်တာ၊ ဆင်းပြီး ကြည့်ဖော်တောင်မရဘူး ”

နာကျင်နေသည့် ကြားထဲက ရန်ပင် ထောင်လိုက်သေးသည်။ ကားထဲက

လူကလည်း နှင်းဝတ်ရည်ရဲ့ အခြေအနေကို အကဲခတ်ကြည့်နေသည်။ လမ်းပေါ်က လုံးဝ ထနိုင်ခြေမရှိတာ သိပြီး ကားတံခါးဖွင့်ကာ မိုးရေထဲသို့ ဆင်းသည်။

နှင်းဝတ်ရည်ထံသို့ မိုးရေထဲမှာ သုတ်သုတ် ပြေးလာသည်။ နှင်းဝတ်ရည်နားသို့ သူ ရောက်လိုက်စဉ်မှာ ပဲ နောက်က မီးရောင် တန်း တစ်ခုကို တွေ့ရသည်။ ကားတစ်စီး ချဉ်းကပ်ပြီး လာနေသည်ကို သိရသည်။

မိုးရေထဲမှာ သူမနားသို့ ကပ်လာတဲ့ သူကို မကြည်လင်တဲ့ မျက်နှာလေးနှင့် နှင်းဝတ်ရည်က မော့ကြည့်သည်။

“ ဘယ်လို ဖြစ်ရတာ လဲ ”

လေသံမာမာနှင့် မကျေမနပ်ကြီးဖြင့် သူက မေးသည်။ နှင်းဝတ်ရည်လည်း ဒေါသ ထောင်းခနဲ ထသွားသည်။

“ မြင်တဲ့ အတိုင်းပဲ ”

“ မင်းလဲနေတာကို မြင်တယ်ကွ၊ အဲဒါ ဘာကြောင့် လဲနေတယ်ဆိုတာ မေးတာသိလား ”

“ ရှင့် ကားကြောင့် လဲတာပေါ့ ”

“ ဘာ ငါ့ ကားကြောင့် ဟုတ်လား ”

“ ဟုတ်တယ် ”

သူက အော်ပြောသလို နှင်းဝတ်ရည်ကလည်း ဒေါသနှင့် ဆောင့်အောင့် ပြောသည်။

“သွားစမ်းပါ၊ ငါ့ ကားနဲ့ မင်းက အဝေးကြီးပါ၊ ဘယ်မှာ တိုက်မိလို့လဲ”

ထိုသို့ ဒေါသတကြီး သူ ပြောနေစဉ်မှာ ပဲ ကားတစ်စီးက သူတို့နားသို့ ထိုးရပ်လာသည်။

“ ဘယ်လို ဖြစ်ကြတာလဲဗျ ”

“ ဒီလူရဲ့ ကားကြောင့် ကျွန်မခုလို ဖြစ်သွားတာပေါ့ ”

“ ဘာ ငါ့ ကားကြောင့် ဟုတ်လား ”

“ ဟုတ်တယ် ”

သူက အော်ပြောသလို နှင်းဝတ်ရည်ကလည်း ဒေါသနှင့် ဆောင့်ဆောင့် ပြောသည်။

“ သွားစမ်းပါ၊ ငါ့ ကားနဲ့ မင်းက အဝေးကြီးပါ၊ ဘယ်မှာ တိုက်မိလို့လဲ ”

ထိုသို့ ဒေါသတကြီး သူ ပြောနေစဉ်မှာ ပဲ ကားတစ်စီးက သူတို့နားသို့ ထိုးရပ်လာသည်။

“ ဘယ်လိုတွေ ဖြစ်ကြတာလဲဗျ ”

“ ဒီလူရဲ့ ကားကြောင့် ကျွန်မခုလို ဖြစ်သွားတာပါ ”

အမြင်ကတ်ကတ်နှင့် နှင်းဝတ်ရည်က ချောက်တွန်းပစ်လိုက်သည်။ ထိုသူက ရှုံး ရှုံး ရှားရှား ဖြစ်သွားသည်။

“ ဟိတ် .... မင်း ဘာလုပ်ကြံပြီး ပြောနေတာလဲ ”

“ နို့ မဟုတ်လို့လား ”

နှင်းဝတ်ရည်ရဲ့ မျက်နှာထားက မထိတရီ။ ထိုလူက ဒေါသ ဖြစ်လွန်း၍ ပစ်ရိုက်ချင်စိတ်ပင် ပေါက်လာသည်။ တစ်ဘက်ကားက လူတွေ ဝင်ပြီး စွက်ဖက်နေသည်။

“ ကဲပါဗျာ၊ ခင်ဗျား ကားကြောင့် ဖြစ်ရင်လည်း ကျေရာကျေကြောင်း လုပ်လိုက်ဗျာ၊ တော် ကြာ မော်တော် ပီကယ်နဲ့ ခင်ဗျား ငြိနေလိမ့်မယ် ”

ထိုသူရဲ့ မျက်နှာကြီးက တင်းမာနေသည်ကို နှင်းဝတ်ရည်တွေ့ ရသည်။ မိုးရေများ ကြောင့် ရွှဲရွှဲစိုနေသော ဆံစများ နဖူးပေါ်မှာ အလဲလဲအပြိုပြိုကျနေသည်။

အလွန်စိတ်အိုက်နေပုံရသည်။ နှင်းဝတ်ရည် ကတော့ ကျေကျေနပ်လေးပင် ပြုံးလိုက်သည်။ သူ့ကြောင့် ပဲ သည်ကတ္တရာလမ်းပေါ် လဲကျရသည်မဟုတ်လား။

" ကဲပါဗျာ အချိန်ကုန်တယ်၊ မိုးလည်း စိုလှပြီ၊ ခင်ဗျားကိစ္စ မြန်မြန် ဖြေရှင်းလေ "

မဆီမဆိုင် ကြားထဲက စေတနာ ဝန်ထမ်းဝင်ပြီး အရေး ဆိုနေတဲ့ လူကြောင့် ထိုသူက စတင် လှုပ်ရှားလိုက်ရသည်။

" ကဲ .... လာ "

နှင်းဝတ်ရည်ရဲ့ ကိုယ်လေးကို ခွေ့ခနဲ ကောက်ပွေ့ပြီး ကားဆီသို့ သွက်သွက်ကြီး လှမ်းသည်။ နောက်တံခါးကို ဖွင့်ပြီး နှင်းဝတ်ရည်ရဲ့ ကိုယ်လေးကို ဆောင့်ခနဲ ပစ်ချလိုက်သည်။

" အား .... "

နာပြီးသော အနာ ပြန်ပြီး အနာတရ ဖြစ်ရသည်။

" ဘယ်လို လုပ်လိုက်တာလဲ "

" မြင်တဲ့အတိုင်းပဲလေ "

နှင်းဝတ်ရည်က နာလွန်း၍ မျက်ရည်များ ပင် ဝဲလာသည်။ ထိုသူကို အံကြိတ်ပြီး ကြည့်နေသည်။ သူက ဂရုမစိုက်ပါ။ တံခါးကို ပြန်ပိတ်ပြီး လမ်းပေါ်က နှင်းဝတ်ရည်ရဲ့ အိတ်တွေ ၊ထီးတွေ တစ်ခုစီ ပြန့်ကျဲနေသည်များ ကို ကောက်ယူပြီး ကားနောက်ဖုံးထဲ ပစ်ထည့်သည်။

အက် (စ်) အီး လီမီတက် ကားဖြူလေးရဲ့ နောက်ခန်းမှာ နှင်းဝတ်ရည် အံလေး တကြိတ်ကြိတ်နှင့် ဒေါသ ဖြစ်နေသည်။ ကားကို ဆောင့်ပြီး ထွက်ကာ တရှိန်ထိုးမောင်းထွက်လိုက်သည်။

" နေစမ်းပါဦး၊ မင်းကဘာလို့ ငါ့ကားနဲ့ တိုက်မိတယ်လို့ စွပ်စွဲတာလဲ၊ မင်းကို ဘယ်မှာ တိုက်မိလို့လဲ "

ဆံပင်တွေ မှ နဖူးပေါ်သို့ စီးကျနေသော ရေတွေ ကို ပွတ်သပ်ရင်းဒေါသတကြီးနှင့် ထိုသူက မေးသည်။

" ရှင့်ကို ကားနဲ့ တိုက်မိတယ်လို့ မပြောရပါလား၊ ရှင့် ကားကြောင့် ဖြစ်တာလို့ပဲ ပြောတာပဲ "

နှင်းဝတ်ရည်က ဒေါသနှင့် ပြန်အော်သည်။ရုပ်ရည် သားနားချောမွေ့ပေမယ့် ဒေါသတွေ ဖုံးနေတဲ့ သူ့မျက်နှာကို နှင်းဝတ်ရည်က မျက်စောင်း ပစ်ထိုးလိုက်သည်။

" ဘာထူးလဲ၊ ငါ့ကားကြောင့် ဆိုတော့ ဒီသဘောပဲပေါ့ "

သူက ဒေါသတကြီးနှင့် မကျေမနပ် ပြောဆိုနေဆဲပါ။

" တောက် ..... ဟိုလူတွေ ကြောင့် မင်းကို ကားပေါ်တင်လာရတာ သိလား၊ နို့မို့ဆို ဝေးသေး "

သည်လို ပြောခံရတော့ နှင်းဝတ်ရည်ရဲ့ ရင်ထဲမှာ နင့်နင့်သိပ်သိပ်ကြီးပင် အောင့်သွားသည်။ တစ်ဘက်က မလိုလားလွန်းတော့ ရင်ထဲမှာ ခံရခက်လှသည်ပေါ့။

ထိုသူသည် ဘယ်လိုလူစားမျိုး လဲ၊ မိမိလိုပျို့ရွယ်ချောတွေ က မောက်မာလှချည်လား။ တကယ်တော့ အလိုက်ထိုက် ဆက်ဆံသင့်သည်မဟုတ်လား။

" အလှအပကို မခံစားတက်တဲ့ ငတုံးကြီးနေမှာ ပေါ့ "

စိတ်ထဲက ပြစ်ပြစ်နှစ် နှစ် ကြီး ပြောလိုက်သည်။ နှင်းဝတ်ရည်ကိုတွေ့တဲ့ ယောကျာ်းတိုင်းက ချောတယ်လှတယ်လို့ ပြေကြတယ်။ သူတို့ အရေး ပေးတာခံရတယ်။ သည်လူ့ခွစာနှင့် ကျမှ နှင်းဝတ်ရည်မှာ အဟိန်းအဟောက်ချည်းခံနေရပါပေါ့လား"

" ဘာလဲ ပျော်လို့ လမ်းပေါ်မှာ လှဲချနေတာလား "

" အရူးမှ မဟုတ်တာ အဲလို လုပ်မလား၊ ရှင့်ကားကြောင့် လန့်ပြီး ခုန်လိုက်လို့ ဖြစ်သွားတာ သိလား၊ တရားခံဟာ ရှင်ပဲ "

“ ကားနဲ့ တိုက်ရိုက်ကြီး မတိုက်မိပေမယ့် ရှင့်ကားကို ရှောင်လို့ ဖြစ်ရတာ ပဲ မဟုတ်လား ”

“ မဆိုင်လိုက်တာကွာ၊ ကားက သူ့လမ်းကြောင်း သူသွားနေတာပဲ ”

ဂျစ်ကန်ကန်နိုင်တဲ့ လူရဲ့ နောက်ကျောကို ကြည့်ပြီး နှင်းဝတ်ရည်ဆွဲပြီး ထုပစ်ချင်စိတ်ပင် ပေါက်လာသည်။

မှော င်မိုက်နေသည်မို့ သူ့ရဲ့ မျက်နှာကို အသေအချာမကြည့်မိပါ။ ဘေးတိုက်အနေအထားကို ကြည့်ခြင်းအားဖြင့် မပီမပြင်အမြင်မှာ သူဟာ လူခန့်ချော တစ်ယောက် ဆိုတာကိုတော့ လက်ခံမိသည်။

နောက်ထပ် ဘာစကားမျှမဆိုတော့ဘဲ သည်းကြီးမည် းကြီး ရွာနေသော မိုးအောက်မှာ ကားကို ဂရုတစိုက် သူမောင်းနေသည်။

နှင်းဝတ်ရည်မှာ တင်ပါးဆုံက နာကျင်နေသည့် ဝေဒနာကို ပြင်းပြင်းပြပြလေး ခံစားနေရသည်။ ကားက ဘယ်ကို ဦးတည်သွားနေမှန်း နှင်းဝတ်ရည် မသိပါ။

“ နေပါဦး ၊ ရှင်က ဘယ်ကို မောင်းနေတာလဲ ”

“ ဘယ် ဖြစ် ဖြစ်ပေါ့ကွာ ”

စိတ်ရှုပ်ထွေးနေရသည့်အထဲ သူ့ကို ပြဿ နာတွေ လာပေးနေသော မိန်းကလေးကို သိပ်ဒေါပွနေပါသည်။ မလွဲသာ မရှောင်သာ ကျဉ်းကျပ်နဲ့ တွေ ့လိုသာ ကားပေါ်တင်ပါသည်။ စိတ်ထဲလုံးဝကြည်လင်ခြင်း မရှိပါ။

ထိုသူရဲ့ ပြတ်တောက်တင်းမာသော အသံကြောင့် နှင်းဝတ်ရည်ရဲ့ ရင်ထဲမှာ စိုးရိမ်စိတ် အတွေ းတွေ စီးဝင်လာသည်။

“ အို ... ဒုက္ခပါပဲ၊ ငါ့ကို ဘယ်ခေါ်သွားနေပြီလဲ မသိဘူး......

“ ဒီလူက လူကောင်းမှ ဟုတ်ရဲ့ လား.....

"ဒုက္ခပါပဲ၊ ငါကလဲ လမ်းလျှောက်လို့ မရဘူး။ ဒီလူသာ မသာမာပြီး တစ်ခုခုလုပ်လိုက်ရင် ငါဘယ်လို ပြန်ပြီးခုခံမလဲ"

သည့်တော့မှ နှင်းဝတ်ရည်ရဲ့ ရင်ထဲသို့ စိုးရိမ်စိတ်တွေ အလုအယက်ဝင်လာသည်။ စိုးမိုးလာသော ကြောက်စိတ်များ ကြောင့် ခေါင်းထဲမှ မူးနောက်ဝေသီသည့် ခံစားမှု ကို ခံစားရသည်။

" ခု ကားကို ရပ်လိုက်ပါ "

နှင်းဝတ်ရည်က ဟန်ကိုယ်ဖို့ဆိုသည့်အတိုင်း စိတ်ကိုတင်းပြီး သူ့ကို အမိန့်ပေးသည်။

" ဘာလို့ ရပ်ရမှာ လဲ "

လှည့်မကြည့်ဘဲ ထိုသူက ပြောသည်။

" ရှင်ခေါ်တဲ့ နောက် မလိုက်နိုင်လို့ပေါ့ "

" အခုလို ညမှောင်မှောင် မိုးသည်းသည်းထဲမှာ မင်းကဘာနဲ့ ဘယ်လိုသွားမှာ လဲ "

" ဒါ ကျွန်မ ကိစ္စပါ "

" ဒီမှာ သိပ်ပြီးလျှာရှည်မနေနဲ့၊ ငါ့မှာ သိပ်အချိန်မရှိဘူး "

မာမာထန်ထန် လေသံကြီးနှင့် ဟောက်ပြီး ကားကို ဆက်မောင်းသည်။ အိမ်ပြန်ပြီး အရေး ကြီးသော တယ်လီဖုန်းခေါ်သံကို နားထောင်ရမည် မဟုတ်လား။

အံကြိတ်ကြိတ်နှင့် ကြိတ်မနိုင်ခဲမရသော နှင်းဝတ်ရည်က မခံမရပ်နိုင်အောင်နာလာသည်။ အသံ မထွက်ဘဲ အောက်နှုတ်ခမ်းကို ဖြူဖွေးသော သွားလေးတွေ ဖြင့် ဖိဖိလေး ကိုက်ထားမိသည်။

ကြောက်လန့်စိုးရိမ်မှု တွေ ဖြင့် နှင်းဝတ်ရည်ရဲ့ ဦးနောက်တွေ ထုံထိုင်းနေသည်။

အားကိုးရာမဲ့ အကူအညီမဲ့ လှုပ်ရှားနိုင်စွမ်း ကင်းမဲ့နေတဲ့ နှင်းဝတ်ရည်ရဲ့ ကံကြမ္မာက သူ့လက်ထဲမှာ ပဲ ရှိနေပြီ မဟုတ်လား။

***

# အခန်း(၂)

(၂)

ကျရောက်လာမည့် ဘေးက ဘယ်လိုများ ပါလိမ့်၊ မဝံ့ရဲရဲ မခန့်မှန်းရဲအောင်ပင် နှင်းဝတ်ရည်ခံစားနေရသည်။

သူမလို ချောမွေ့ ငယ်ရွယ်တဲ့ မိန်းမလှလေးအပေါ်မှာ ပျော့ပျောင်းညင်သာခြင်းမရှိ၊ ယဉ်ကျေးခြင်းမရှိ လူကို အံ့သြပါရဲ့ ။

မျက်နှာကြီးက တည်တင်းပြီး တစ်လောကလုံးကို သူကပဲ လုပ်ကျွေးနေသည့်ဟန်ပါလား။ ဥပမိရုပ် ကတော့ လူကောင်းပုံစံပေါက်ပါရဲ့ ။

" တကယ်လို့ ငါ ထင်သလို သူ လူကောင်းမဟုတ်ခဲ့ရင် "

နှင်းဝတ်ရည် ဆက်ပြီး မတွေ းရဲအောင်ပင် ဖြစ်သွားသည်။ ရင်ထဲမှာ ဆို့ကျပ်လာပြီး ပတ်ဝန်းကျင်ကို လေ့လာသည်။ ညက မှော င်မိုက် မိုးကလည်းနှင့် နှင်းဝတ်ရည်က ဘယ်အရပ် ဘယ်ဌာနဆီသို့ ရောက်နေမှန်းခန့်မှန်းမရအောင် ဖြစ်နေသည်။

ကားက ကွေ့လိုက်ချိုး လိုက်နှင့် ရှိနေသည်ကို လူးလူးလိမ့်လိမ့် နှင်းဝတ်ရည် ခံစားလိုက်ရသည်။ ရုတ်တရုတ် တုံ့ခနဲ ရပ်သွားတာကို ထပ်မံ ခံစားရပြန်သည်။

ဝေသီမှူးနောက်နေ၍ စင်းကျနေခဲ့သော မျက်ဝန်းများ ကို ပင့်ပြီး ကြည့်လုက်သည်။ ကားမှန်မှ တစ်ဆင့် နှင်းဝတ်ရည် တွေ ့ရသည်က မိုးလွတ်လေလွတ်နေသော ဆင်ဝင်တစ်ခုအောက်သို့ ရောက်နေသည်ပဲ။

ထိုသူ ရှေ့တံခါးကို ဖွင့်ပြီး ဆင်းကာ သူမရဲ့ တံခါးကို လာဖွင့်ပေးသည်။

" ကဲ ...... ဆင်းလေ "

" အို ...... ဘာလို့ ဆင်းရမှာ လဲ ကျွန်မကို ဘယ်ခေါ်လာတာလဲ "

" ဟာ မင်း သိပ်ပြီး လျှာရှည်ပါလား "

“ ရှင့်ကိုမှ ကျွန်မ မသိတာပဲ ”

“ ဟား ..... ဟား မသိဘဲနဲ့ ငါခေါ်တဲ့နောက်ကို လိုက်ခဲ့တာ အံ့ဩစရာပဲ ”

ခုမှ နှင်းဝတ်ရည်က သူ့ရဲ့ မျက်နှာကို သေသေချာချာ ကြည့်မိသည်။ ထိတ်ထိတ်လန့်လန့် နှင့် အံ့ဩမှင်တက်သွားရသူက နှင်းဝတ်ရည်ပါ။ သူမ တွေ့လိုက်ရသူသည် အလွန်ယောကျ်ားပီသ ချောမွေ့သော သူ တစ်ယောက် ပါပဲ။

အသက်အားဖြင့် သူမထက် ခုနှစ် နှစ် ၊ ရှစ်နှစ် လောက်ကြီးမည့် ပုံပါ။ သူ့ရဲ့ အကြည့်တွေ ကလည်း နှင်းဝတ်ရည်ရဲ့ မျက်နှာလေးဆီမှာ တန့်သွားသည်။

ချောမွေ့ နုနယ် ငယ်ရွယ်သည့် မိန်းကလေး တစ်ယောက် ပါလားလို့ ခုမှ သူ သတိပြုမိလေသည်။

“ ကဲ အချိန်မရှိဘူး ဆင်းမှာ သာ ဆင်းစမ်းပါကွာ ”

“ အို .... မဆင်းဘူးလို့ ပြောနေတယ် မဟုတ်လား ”

“ တောက် ”

နှင်းဝတ်ရည်ရဲ့ မျက်နှာကို ကြည့်ပြီး တက်တစ်ချက်ပြင်းပြင်း ခေါက်သည်။ ပြီးမှ စွေ့ခနဲ တူမရဲ့ ကိုယ်လေးကို ကောက်ပွေ့လိုက်သည်။

“ အို ဒါဘာလုပ်တာလဲ ”

“ မင်းကို ပွေ့ချီလိုက်တာလေ ”

မထိတရိ ပြောနေတဲ့သူ မျက်နှာကို ကြည့်ပြီး နှင်းဝတ်ရည်ဒေါသ အရမ်းဖြစ်သွားသည်။ ပိုင်စိုး ပိုင်နင်းကြီး သူ့ ရင်ခွင်ထဲမှာ ပွေ့ချီခံရလို့ ရင်တွေ တဆက်ဆက်ခုန်သွားသည်။

“ ခုလွှတ် ကျွန်မကို ချနဲ့ ”

“ ကဲ .... လွှတ်ပြီ ”

အိမ်ရဲ့ အုတ်လှေကားထစ်ပေါ်မှာ နှင်းဝတ်ရည်ကို ချပေးလိုက် သည်။ သူက သာသာလေးအောက်သို့ ချပေးသည်။ ဒါပေမယ့် နှင်းဝတ်ရည်ရဲ့ တင်ပါးက အရမ်းနာသွားသည်။

" အား ...."

အသံ စူးစူးလေးနှင့် အော်ရင်း သူ့ကို အံကြိတ်ပြီး ကြည့်လိုက်သည်။

" ဘာလဲ မကျေနပ်ပြန်ဘူးလား၊ မင်းက အောက်ချပေးဆိုလို့ ချပေးလိုက် တာလေ။ "

ကိုယ့်စကားနှင့် ကိုယ်မိနေသည်။ နှင်းဝတ်ရည်က ဘာမှ ပြန်မပြောသာပါ။

" ကဲ .... ထကြည့်လေ၊ ငါက ချိုချင်လွန်းလို့များ ချိုတယ် ထင်နေသလား၊ မင်း မလျှောက်နိုင်မှန်း သိလို့ စေတနာနဲ့ကွ "

ဒေါသ မျက်နှာကြီးနှင့် နှင်းဝတ်ရည်ကို ကြည့်ပြီး သူက ပြောသည်။ နှင်းဝတ်ရည် ကြိုး စားပြီး ထကြည့်သည်။ မရပါ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ ကြောက်စိတ်တွေ ကြီးစိုးလာသည်။

နနယ်တဲ့ မိန်းမသားရဲ့ အားကိုးရာ လက်နက်က မျက်ရည်ပဲလေ၊ ဒါကြောင့် နှင်းဝတ်ရည် မျက်ရည်ကို အားကိုးလိုက်သည်။ မျက်ဝန်းထဲမှာ ဝေ့သီလာတဲ့ မျက်ရည်စတွေ ကို သူတွေ့ မြင်သွားသည်။

" ဘာလဲ ငိုဦးမလို့လား "

နှင်းဝတ်ရည်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ငုံ့ကြည့်ပြီး သူက မေးသည်။

" ကျေးဇူးပြုပြီး မငိုလိုက်ပါနဲ့ ကျုပ်က မိန်းမတွေ ရဲ့ မျက်ရည်ကိုသိပ်ပြီး တန်ဖိုးထားတာ မဟုတ်ဘူး "

ပြောနေသည့် မျက်နှာထားကြီးက တင်းလှချည်လား၊ သူ့ကို ကြည့်ပြီး ကျောတစ်လျှောက်မှာ ရေခဲရေတွေ နဲ့ လောင်းချလိုက်သလို အေးစက် တောင့်တင်းသွားသည်။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်အောင် နှင်းဝတ်ရည် ကြောက်စိတ်တွေ လွှမ်းမိုးနေသည်။ နှင်းဝတ်ရည်ရဲ့ အဖြစ်က ကျားသနားမှ သွားချမ်းသာမည့် အဖြစ်မျိုး မဟုတ်လား။

သူမရဲ့ ဘဝက ထိုသူစိမ်းရဲ့ လက်ခုပ်ထဲက ရေလိုပါပဲ ထိုသူကို ပြူး ဝိုင်းသော မျက်ဝန်းတွေ နှင့် နှင်းဝတ်ရည်မော့ကြည့်လိုက်သည်။

ထိုမျက်ဝန်းတွေ ထဲမှာ ထိတ်လန့် အားငယ်ခြင်းရဲ့ ခံစားမှု တွေ ပေါ်လွင်နေသည်။ ဖြူဝင်း မွတ်ဝင်အောင် လှလွန်းရက်သူလေးကို ငုံ့ကြည့်ရင်း ရင်ထဲမှာ ကျင်ရှရှခံစားချက်တစ်ခုကို ခံစားလိုက်ရသည်။

ဘာစကားမှထပ်မပြောတော့ဘဲ နှင်းဝတ်ရည်ရဲ့ ကိုယ်လေးကို စွေ့ခနဲ ကောက်ချီပြီး ပိတ်ထားသော ကျွန်းတံခါးဆီသို့ လျှောက်ခဲ့သည်။

တံခါးပေါင်ရှိ လျှပ်စစ် ခေါင်းလောင်းကို သူတီးနှိပ်လိုက်သည်။ နှင်းဝတ်ရည် ဘယ်လိုမှ အံမတုနိုင်တဲ့ ကံကြမ္မာကို လည်စင်းပြီး ခံလိုက်ရုံသာ ရှိသည်မို့ ငြိမ်နေလိုက်ရပါသည်။

ခေါင်းလောင်းသံနှင့် မရှေးမနှောင်းမှာ တံခါးရွက်ကြီး နှစ် ချပ်ပွင့်သွားသည်။

" ဟင် . .... ဆရာ ဝေဇင် "

အသက် (၅၀)ခန့်ရှိ အမျိုး သမီးကြီးက တအံ့တသြ မျက်လုံးပြူး ပြီး ကြည့်နေလေသည်။

" ဒေါ်မြိုင်ရယ် တံခါးကို မြန်မြန်ဖွင့်တာ မဟုတ်ဘူး ..... "

စိတ်မရှည်သည့်လေသံနှင့် သူက ပြောသည်။ သူ့ရဲ့ အမည် က ဝေဇင်ဆိုပါလား၊ ကြီးမားသော နှစ် ထပ်တိုက်ကြီးက သူ့လိုပဲ ခန့်ထည်နေပါလား။

ဒေါ်မြိုင် ဆိုသူက စိတ်မရှည်စွာ ဟောက်ဟိန်းနေသော ဝေဇင် ကောင်းမွန်စွာ ဝင်နိုင်ရန် တံခါးရွက်ကို ဟင်းလင်းဖွင့် ပေးလိုက် သည်။ ဝေဇင်ရဲ့ ရင်မှာ

ထွေးပိုက်ပွေ့ချီလာတဲ့ မိန်းမချောလေးကိုလည်း တအံ့တသြအသွင်ဖြင့် ငေးကြည့်နေသည်။

ခြေလှမ်းကျဲကြီးတွေ နှင့် ဝေဇင်က ဧည့်ခန်းထဲသို့ ဝင်သွားသည်။ မျက်လုံး ပြူး ခိုင်းဝိုင်းလေးနှင့် နှင်းဝတ်ရည်ပါလာသည်။ သူမကို နှစ် ယောက် ထိုင် လက်ရန်းမပါသော ဆိုဖာပေါ်မှာ ဝေဇင်က ချပေးသည်။

ဧည့်ခန်းအနေအထားက ခမ်းနားထည်ဝါနေသည်။ ဝေဇင်ဆိုတဲ့ မျက်နှာပုပ်သိုးနေသော သူကြီးက အရှိန်အဝါရှိပုံရသည့်လို့ နှင်းဝတ်ရည် ခန့်မှန်း မိသည်။

ဒေါ်မြင့်က အနားသို့ ရောက်လာပြီး၊ ခပ်လှမ်းလှမ်း မနီးမဝေးကနေ လေ့လာအကဲခတ်သော အကြည့်တွေ နှင့် ကြည့်နေသည်။

“ဒေါ်မြင့်က ရေး နွေးလေးဘာလေး အသင့်လုပ်ထား ဒေါက်တာ သိန်းဝင်းကို ကျွန်တော် ဖုန်းဆက်ခေါ်လိုက် ဦးမယ်”

“ ဟုတ်ကဲ့ ဆရာ ဝေဇင် ”

ဒေါ်မြင့်က ရတ်ခနဲ အတွင်း ခန်းထဲသို့ ပျောက်ကွယ်သွားသည်။ တယ်လီဖုန်းရှိရာသို့ ခြေလှမ်းကျဲ တွေ နှင့် ဝေဇင်က လျှောက်သွားသည်။

သူ့ရဲ့ မြင့်မားသော အရပ်၊ ဖြောင့်စင်းစွာ လှမ်းသွားသော ခြေလှမ်းတွေ က တကယ့်ကို သားသားနားနားကြီးပါပဲ။

“ အင်း ..... ဆရာဝန် ခေါ်ပေးဖော် ရသားပဲ ၊ ဒါဆို မဆိုးပါဘူး ငါ့ကို သူ မဟုတ်တာ လုပ်မယ့်ပုံ မပေါ်ပါဘူး”

ရင်ထဲမှာ စိုးရိမ်မှု ပူလောင်နေတဲ့စိတ် အတန်အသင့်တော့ ပြေငြိမ်းသွားသည်။ ဆရာဝန်ထံ ဖုန်းဆက်ပြီး ဝေဇင်က အပြင်သို့ ထွက်သွားသည်။ နှင်းဝတ်ရည်ကို တစ်ချက်လေးတောင် လှည့်ကြည့်၍ မ သွားပါ။

စိတ်ပျက်အားငယ်စွာ နှင့် နှင်းဝတ်ရည် တစ်ယောက် တည်း ကျယ်ဝန်းသော ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သည်။

ခဏအကြာမှာ ဝေဇင်ပြန်ဝင်လာသည်။ သူ့လက်ထဲမှာ နှင်းဝတ်ရည်ရဲ့ ခရီးဆောင်အိတ်နဲ့ ပိုက်ဆံအိတ်ပါလာသည်။

သူမနားဆီသို့ လျှောက်လာသည်။ စူးရှ တောက်ပြောင်နေတဲ့ အကြည့်နဲ့သူက ငုံ့ကြည့်နေသည်။ မဝံ့မရဲ မျက်ဝန်းတွေ နှင့် နှင်းဝတ်ရည်က သူ့ကို မော့ကြည့်သည်။

“ ငါ ဆရာဝန် ခေါ်ထားတယ်၊ မကြာခင် လာလိမ့်မယ် ကြားလား ”

ဒေါ်မြင့် ဧည့်ခန်းဆီသို့ ပြန်ရောက်လာသည်။

ဒေါ်မြင့် သူ့ကို အဝတ်လဲပေးလိုက် ပါ။

ဒေါ်မြင့်ကို အမိန့်ပေးပြီး သူက အခန်းထဲက ထွက်သွားသည်။ သူ့တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေသလို နှင်းဝတ်ရည်ရဲကိုယ်လည်း စိုနေပါသည်။ အာရုံထွေပြားနေ၍ စောစောထ ထိုစိုစွတ်မှု ကို နှင်းဝတ်ရည် မမှု ခဲ့ပါ။ ခုတော့ ကိုယ်ပေါ်က အဝတ်စိုတွေ က သူမကို ခိုက်ခိုက်တုန်အောင် ချမ်းစေပါလား။

ဒေါ်မြင့်ရဲ့ စိတ်ထဲမှာ သိချင်စိတ်တွေ ပြည့်သိပ်နေပါသည်။ ဝေဇင်က စပ်စုတာ မကြိုက်၍ မေးချင်သည့် စကားတွေ ကို မျိုသိပ်ထားရသည်။

နှင်းဝတ်ရည်ရဲ့ ကိုယ်ပေါ်က စိုရွှဲပြီး ကပ်နေတဲ့အဝတ်တွေ ကို ချွတ်ပေးသည်။ သူမရဲ့ ခရီးဆောင် အိတ်ထဲက တစ်စုံကို ထုတ်ပြီး၊ နှင်းဝတ်ရည်က ဒေါ်မြင့်ရဲ့ အကူအညီနှင့် ဝတ်လိုက်သည်။

အားလုံးပြီးတော့ ဒေါ်မြင့်က သူမရဲ့ စိုထိုင်းနေတဲ့ ဆံပင်တွေ ကို မျက်နှာသုတ်ပဝါနှင့် သုတ်ပေးသည်။

တစ်ယောက် ကို တစ်ယောက် ဘာစကားမှ မဆိုကြဘဲ လိုအပ်တဲ့ လှုပ်ရှားမှု တွေ ကို ပြုလုပ်နေကြသည်။

မိန်းမတွေ နှင့် ပတ်သက်မှု မရှိ၊ ကင်းကင်းရှင်းရှင်း ရှိခဲ့သော ဝေဇင်ရဲ့ လုပ်ရပ်ကို ဒေါ်မြင့်က လိုက်လို့ မမီအောင် ဖြစ်နေရသည်။

ဝေဇင်က အခန်းထဲ ပြန်ရောက်လာသည်။ သူ လည်းအဝတ်အစားတွေ လဲပြီးနေပါပြီ။ စိုစွတ်နေတဲ့ ဆံပင်တွေ ကို သုတ်ပြီး၊ ဖီးသင်ခဲ့ပုံမပေါ် လှိုင်းတွန့်ဆံပင်များ နဖူးပေါ်မှာ ဖရိုဖရဲကျနေသည်။

" ဒေါ်မြိုင်ရေ ကော်ဖီ ခါးခါး ပူပူလေး ဖျော်ဗျာ "

" ဟုတ်ကဲ့ "

တစ်ခါ ဒေါ်မြိုင်က ဧည့်ခန်းထဲက ပျောက်သွားပြန်သည်။ မျက်နှာမှာ အခြယ်အသတွေ ကင်းစင်ပြီး ဖြူဖွေးမွတ်စင်းနေသော မျက်နှာ နုနုလေးကို တစ်ချက် သတိလက်လွတ် ငေးမိသည်။

ပြီးမှ သူ့ အကြည့်ကို မြန်မြန် ရုပ်သိမ်းလိုက်ရသည်။

ဒါပေမယ့် သူ့ အကြည့်ကို မြန်မြန် ရုပ်သိမ်းလိုက်ရသည်။

ဒါပမယ့် သူ့ရဲ့ နှလုံးသားထဲမှာ မျက်တောင်ထူထူတွေ ကာရံ ထားပြီး တောက်ပြောင်နေတဲ့ မျက်ဝန်း၊ နှာတံ စင်းစင်းလေး၊ နှင်းဆီသွေးကဲ့သို့ စိုလက် ဖူးငုံနေသော နှုတ်ခမ်းလေး၊ ထူထဲသော မျက်ခုံးလေးတို့ဖြင့် ပြည့်စုံ လှပနေသော မျက်နှာလေးက စွဲတင် ကျန်ရစ်ခဲ့သည်။

ပြစ်မျိုး မဲ့ မထင်၊ အလှတွေ ဆင်နေတဲ့ မျက်နှာလေးကို တဒင်္ဂအတွင် းမှာ နက်နက်ရှိုင်းရှိုင်း ခင်တွယ်မိသလို ခံစားမိရသည်။

ဝေဇင် သတိထား၊ လှတာ မမက်နဲ့ ညစာခက်နေလိမ့်မယ်။ သူရဲ့ အသိစိတ်က သူ့ကို ပြန်ပြီး၊ ဆုံးမလိုက်သည်။ နှလုံးသား တံခါးကို လာခေါက်ဖို့ မကြိုး စားနဲ့လေ၊ ဝေဇင်တို့က မိန်းမ ဆိုရင် သေအောင် မုန်းတာသိလား။

ထိုသို့ ရင်ထဲက အပြောနှင့် အတူ မျက်နှာထားကပါပြတ်လုမတတ်တင်းသွားသည်ပဲ။ သူမလို မိန်းမချော တစ်ယောက် အပေါ်မှာ ညွတ်ပျောင်းမှု အရိပ်အယောင်လုံးဝမရှိသော ထိုသူကို နှင်းဝတ်ရည် မကျေမနပ် ဖြစ်မိသည်။

ဒေါက်တာ သိန်းဝင်းရောက်လာသည်။ သူကဝေဇင်နှင့် ရွယ်တူလောက်ပင်ဖြစ်သည်။

“ ဟိတ် ..... ကောင်ကြီး ဘာ ဖြစ်ပြန်ပြီလဲ ”

အခန်းထဲသို့ လှမ်းဝင်လာပြီး နှင်းဝတ်ရည်ကို သတိမထားမိသေးဘဲ၊ ဝေဇင့်ကို လှမ်းမေးသည်။

“ ဒီမှာ ကွာ လူနာ တစ်ယောက် မင်းကို ကြည့်ခိုင်းမလို့ ”

သည်တော့မှ ဒေါက်တာသိန်းဝင်းရဲ့ အကြည့်ကနှင်းဝတ်ရည်ထံသို့ ရောက်သွားသည်။ သူ့ အကြည့်က နှင်းဝတ်ရည်နှင့် တွေ့ထိအလိုက်မှာ မျက်လုံးကပြူးဝိုင်းအံ့ဩသွားသည်။

“ မင်း လူနာက ဘာ ဖြစ်တာလဲ ”

“ လိမ့်ကျလို့ကွာ ကြည့်ပေးစမ်းပါဦး ”

နှင်းဝတ်ရည် နားတွင် ဒေါက်တာ သိန်းဝင်းက ထိုင်လိုက်သည်။ ချောမွေ့လှပလွန်းတဲ့ မျက်နှာလေးကို အပြုံး ငွေ့ငွေ့နှင့် ကြည့်နေသည်။

" ဘယ်လို လိမ့်ကျတာလဲ ပြောပါဦး "

" ငါ့ ကားကို ရှောင်ရင်းနဲ့ သူ လိမ့်ကျသွားတယ် ပြောတာပဲ "

" ဟုတ်လား ...... ကားနဲ့ တိုက်မိတာများ လား ဝေဇင်ရယ် "

ဝေဇင်ရဲ့ မျက်နှာကို ကြည့်ပြီး သူက ပြုံး စစနှင့် ပြောသည်။

" ဟာ ငါ့ကားနဲ့ အဝေးကြီး ပါကွာ "

စိတ်တိုတိုနှင့် ဝေဇင်ကပြောသည်။ တစ်ဆက်တည်း။

" ဟိတ်.... ပြောလိုက်လေ၊ ကားနဲ့ တိုက်မိတာမဟုတ်ဘူးလို့ "

နှင်းဝတ်ရည်ကို လှမ်း၍ မာန်မဲသည်။ နှင်းဝတ်ရည် ဘာစကားကိုမှ မတုံ့ပြန်။ မျက်နှာသေးသေးနှင့် ဒေါက်တာဝင်းသိန်းကို ကြည့်နေသည်။

" မင်းကလဲ အကြောက်အကန်ကို ကာကွယ်နေပါလား တိုက်မိတာဆိုလဲ ဘာဖြစ်လဲကွာ၊ အခုမင်းက အိမ်ခေါ်လာပြီး ဆေးကုနေပြီပဲ မဟုတ်လား "

" ဟာ.... တိုက်မိတာ မဟုတ်ပါဘူး ဆိုကွာ။ ဟော့ဒီမှာ မင်းက ဘာသဘောနဲ့ မဖြေရှင်းတာလဲ၊ ငါ့ကားနဲ့တိုက်တယ်ဆိုပြီး ပြဿနာ ရှာချင်နေသေးလို့လား ”

ဝေဇင်က ဒေါသတကြီး ဖြစ်နေသလောက် နှင်းဝတ်ရည်က မတုန်မလှုပ်။ ဒေါက်တာ သိန်းဝင်းက သူ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

“ ဘာလို့ ဒါလောက်တောင် ဒေါသကြီး နေတာလဲ ဝေဇင် ”

“ တောက် တကယ့် ပြဿနာပဲ၊ ဒီနေ့ည ငါ့အတွက် အဟုတ်ကို ငြိုလ်ဆိုးဝင်တာပဲ ”

“ ကဲ ..... ပြောပါဦး၊ မဘယ်သူရယ် ”

ဒေါက်တာသိန်းဝင်းက ဝေဇင့်ကို လျစ်လျူရှုလိုက်ပြီး နှင်းဝတ်ရည်ကို ကြည့်ပြီး မေးသည်။ သူမရဲ့ အမည် ကို နှင်းဝတ်ရည်ပြောရပါတော့မည် ။ နှင်းဝတ်ရည်လို့ပဲ အမှန်အတိုင်း ပြောရမလား၊ ဒါမှ မဟုတ်အမည် ကို လွှဲပြောရမည် လား။

“ ဟို ..... ကျွန်မနာမည် က မေနှင်းပါ ”

အကောင်းဆုံးက အမည် ကို လွှဲပြော လိုက်ခြင်းသာ ဖြစ်သည်လို့ ဆုံးဖြတ်ပြီး နှင်းဝတ်ရည်က ညာပြောလိုက်သည်။

“ ကဲပါ ..... မေနှင်းရယ်၊ ဘယ်လို ဖြစ်လဲ ပြောပါဦး ”

“ ကျွန်မရဲ့ တင်ပါးဆုံက အရမ်းနာနေတယ် ဆရာ ”

ဒေါက်တာသိန်းဝင်းက ရရှိခဲ့သော ဒဏ်ရာများ ကို ကြည့်ရှု စစ်ဆေးသည်။

ပွန်းရာပဲ့ရာတွေ လည်း ဒူးတွေ ခြေထောက်တွေ မှာ ပွနေသည်။

ဆေးထည့်ပေးသည်။ ဆေးထိုးပေးသည်။ တင်ဆုံရိုးကို သေသေချာချာ စမ်းသပ်စစ်ဆေးသည်။ စမ်းသပ်စဉ် ဒေါ်မြိုင်က အနားမှာ ကူပေးသည်။ ဝေဇင်က အလိုက်သိစွာ ခပ်လှမ်းလှမ်းသွားပြီး ကျောခိုင်းနေသည်။

" အင်း ..... အရိုးတော့ မကျိုး ပါဘူး၊ နှစ် ရက် သုံးရက်တော့ အိပ်ရာထဲမှာ မလှုပ်ရှားဘဲ အနားယူ ရလိမ့်မယ် "

နှင်းဝတ်ရည် အရမ်းစိတ်ညစ်သွားသည်။ အရေး ထဲ မလှုပ်ရှားနိုင်တဲ့ ဒုက္ခကြီးက သူမကို ဖိစီး နေပြန်ပါပြီ။ ခုချိန်မှာ နှင်းဝတ်ရည် သိပ်ကို အရေး တကြီး ဖြစ်နေသည်။ လှုပ်ရှားမှု ကို အစွမ်းကုန်လုပ်မည့် အချိန်ပဲလေ။

" ဟိတ်ကောင် ဝေဇင်၊ မင်း သူ့ကို ကားနဲ့ မတိုက်မိတာ အမှန်ပဲနော် "

ဒေါပွနေတဲ့ဝေဇင်ကို တမင်ပင် ဒေါက်တာ သိန်းဝင်း ကလိလိုက်သည်။ ဝေဇင် ပိုပြီး ရှူး ရှူး ရှားရှား ဖြစ်သွားသည်။

" လုပ်ပြန်ပြီ၊ မင်းကအစ ငါ့ကို သံသယ ဖြစ်နေရသလားကွ "

" ဟိတ် ..... ဘာလို့ မင်း ပါးစပ်ပိတ်နေတာလဲ၊ အ ဖြစ်မှန်ကို ရှင်းပြ လိုက်ပါလား "

နှင်းဝတ်ရည်ကို မကျေမနပ်နှင့် မာန်လိုက်ပြန်သည်။ သည်လူကို အမြင်ကပ်ကပ်ရှိသည်နှင့် နှင်းဝတ်ရည်က မဖြေရှင်းဘဲ နှုတ်ပိတ်နေလိုက်သည်။

" ဖြေလေကွာ ...... ချက်ချင်း ကြီး အ,သွားပြီလား"

ဝေဇင်ရဲ့ ဒေါသမျက်နှာကို နှင်းဝတ်ရည်က မထီသည့်မျက်နှာလေးနှင့် ကြည့်နေသည်။ နှင်းဝတ်ရည်ကို ဆွဲထိုးပစ်ချင်စိတ်ပင် ပေါက်လာသည်။

" တောက် ..... ဆွဲထိုးပစ်လိုက်ရရင် သေတော့မှာ ပဲ "

ဝေဇင် တစ်ယောက် အံကြိတ်ကြိတ်နဲ့ ဖြစ်နေသည်ကိုကြည့်ပြီး ဒေါက်တာသိန်းဝင်းက ကျိတ်ရယ်လိုက်သည်။

“ ကဲ ..... ငါသွားမယ်၊ မနက်ဖြန်ကျရင် တစ်ခေါက်လာကြည့်ပေးမယ် သိလား ”

ဆေးအိတ်ကို ကောက်ဆွဲပြီး ဒေါက်တာသိန်းဝင်းက ထွက်သွားသည်။ မအီမလည် ဖြစ်ပြီး ကျန်ခဲ့တဲ့ ဝေဇင်ရဲ့ အ ဖြစ်ကို ကျိတ်ပြီး သဘောကျနေသည်။

***

# အခန်း(၃)

(၃)

ညော့ခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်းရင်ထဲက ဒေါသတွေ ကို ပြေပျောက်အောင် ကြိုး စားလိုက်သည်။

မပင့်မဖိတ်ရဘဲ သူ့ ဘဝထဲသို့ ဇွတ်ဝင်လာတဲ့ ဂြိုလ်ဆိုးမလေးကို ဘယ်လို ရှင်းထုတ်ရမှန်း မသိတော့ပါ။ နှင်းဝတ်ရည်ရဲ့ မျက်နှာကို ကြည့်မိတိုင်း သူ့ ရင်ထဲမှာ ဝေဒနာတစ်ခုကို ခံစားနေသည်ကို သိသည်။ ထိုဝေဒနာရဲ့ အရင်းဇစ်မြစ်ကို မရှာလို မသိလိုပါ။

လှုပ်ခတ်ပြေးလွှားနေသော စိတ်ကို ကြိုး စား ထိန်းပြီး နှင်းဝတ်ရည်ကို မျက်နှာချင်း ဆိုင်လိုက်သည်။ နုနယ်ချောမွေ့သည့် မွတ်ညက်နေသော မျက်နှာလေးကို ကြည့်လိုက်သည်။

ဒေါသဖြင့် ပြောဆိုသည့်စကားများ နှုတ်ကထွက်မည့် ဆဲဆဲ တန့်သွားသည်။ သည်မျက်နှာလေးကို ကြည့်အလိုက်ရင်ထဲမှာ တွယ်ငြိမိလိုက်သော ခံစားမှု တစ်ခုကို တင်းခံ ခံစားလိုက်ရသည်။

ရုတ်တရက် လည်ချောင်းဝမှ ပျောက်သွားသော စကားများ ကို ပြန်လည်စုစည်းရှာဖွေလိုက်သည်။ စွဲနင့်စွာ ကြည့်မိသော အကြည့်တွေ ကို နှင်းဝတ်ရည်ရဲ့ မျက်နှာပေါ်က ဆွဲထုတ်ဖယ်ခွာပစ်လိုက်သည်။

“ ကဲ ..... မေနှင်း၊ မင်း . ..... ဘယ်လို သွားချင်လဲ ပြော၊ ငါ လိုက်ပို့ ပေးမယ် ”

စောစောက ဒေါက်တာသိန်းဝင်းကို ပြောလိုက်စဉ် နှင်းဝတ်ရည်ရဲ့ အမည် ကို သူ ကြားခဲ့ရသည်။ ဒါကြောင့် သူမရဲ့ အမည် ကို ထပ်ပြီး မေးလိုက်သည်။

ဝေဇင်ရဲ့ အမေးကို ဘာပြန်ဖြေရမှန်းမသိ နှင်းဝတ်ရည်ရင်ထဲမှာ လွန်စွာ

ချောက်ချားသွားသည်။

“ ကဲ .... မြန်မြန်ဖြေလေ၊ ညဉ့်သိပ်မနက်ခင် မင်းကို ပြန်ပို့မလို့ ”

အလွန်တည်တင်းလွန်းသော မျက်နှာထားနှင့် နှင်းဝတ်ရည်ကို ကြည့်လိုက်သည်။ ချောမွေ့နေသော မျက်နှာမှာ ထိုကဲ့သို့ ခက်ထန်သော အကြည့်များ မရှိနေလျှင် ဘယ်လောက်များ ကောင်းလိုက်လေမလဲလို့ နှင်းဝတ်ရည် တွေးမိသည်။

“ ဖြေလေကွာ ”

သူ့ကို ညှိုးလျသော မျက်ဝန်းနှင့် တစ်ချက် ဝင့်ကြည့်ပြီး နှင်းဝတ်ရည်က မျက်လွှာချလိုက်သည်။

“ ဟို ကျွန်မ တည်းခိုခန်း တစ်ခုကို သွားနေတုန်းမှာ ခုလို ဖြစ်သွားတာပါ ”

“ ဒါဆို မင်းက ရန်ကုန်က မဟုတ်ဘူးလား ”

“ မ ... မဟုတ်ပါဘူး ”

“ မင်း ဘယ်ကလာလဲ၊ ဘာလုပ်တာလဲ ”

နှင်းဝတ်ရည်ကို စူးစမ်းသော အကြည့်များ နှင့် ကြည့်ပြီး ဝေဇင်က မေးသည်။

“ ကျွန်မ အလုပ် လာရှာတာပါ ”

“ အလုပ် လာရှာတာ ဟုတ်လား ”

တအံ့တသြနှင့် ဝေဇင်က ကြည့်ပြီး မေးသည်။

“ မင်းက ဘာအလုပ် လုပ်မလို့လဲ ”

“ ရရာအလုပ် လုပ်မှာ ပေါ့ ”

နှင်းဝတ်ရည်ရဲ့ သားနားသော ရုပ်ရည်၊ အဖိုးထိုက်တန်သော အဝတ်အစား၊ လက်ဝတ်လက်စားတွေ ကို ကြည့်ပြီး ဝေဇင်ရဲ့ နဖူးကြောတွေ ပိုကျုံ့ သွားသည်။ မျက်မှော

ငကြီး ကြုတ်ပြီးကြည့်နေသည်။

“ မှန်မှန် ပြောစမ်းပါ၊ မင်းဘယ်သူလဲ ”

“ ကျွန်မ မေနှင်းလေ၊ မိဘမဲ့ တစ်ကောင်ကြွက်၊ ပြီးတော့ .... ရန်ကုန်မြို့ ကို အလုပ်ရှာဖို့ ရောက်လာတယ်၊ တစ်ဝမ်းတစ်ခါးအတွက် အလုပ်တစ်ခု အမြန်လိုတယ်၊ တည်းခိုခန်းမှာ တည်းပြီးရှာမလို့၊ အဲ့ဒီလို အသွား၊ ရှင့်ကားကြောင့် ဒုက္ခရောက်တယ်၊ ကဲ .... နောက်ပြီး ဘာများ သိချင်သေးလဲ၊ အမိန့်ရှိပါ ”

နှင်းဝတ်ရည်က အရွဲ့တိုက်ပြီး ရှည်လျားသော အဖြေကို ပေးလိုက် သည်။

“ မင်း ဘယ်က လာလဲ ”

နှင်းဝတ်ရည် ချက်ချင်း ပြန်မဖြေနိုင်သေးပါ။ သင့်တော် မည့် အဖြေကို အပြေးအလွှား တွေ းတောနေပါသည်။

“ ကျွန်မ တောင်ငူက လာတာပါ ”

ချက်ချင်း ခေါင်းထဲမှာ ပေါ်လာသော အဖြေကို ပေးလိုက် သည်

“ ဩော် .... ဟုတ်လား၊ အခုညနေမှ တောင်ငူကရောက်တယ်ပေါ့ ”

“ ဟုတ်တယ် ”

“ ဘာနဲ့ လာလဲ ”

ကောက်ကာငင်ကာ မေးလိုက်သည်။ နှင်းဝတ်ရည်က ကြိုတင် ပြင်ဆင်ထားခြင်းမရှိ၊ ချက်ချင်း ပြန်မဖြေနိုင်ပါ။ အိုးတိုး အတ ဖြစ်နေတဲ့ သူမကို ဝေဇင်က အပြတ်အသတ်ကြီး လှေလာ အကဲခတ်နေသည်။

“ ဘယ်လိုလဲ၊ ရှင်က စစ်ဆေး အမေးအမြန်းထူလှချည်လား ”

“ ထူရမယ်လေ၊ မင်းကလာပြီး ငါနဲ့ လိုင်းပူးနေတော့ သိသင့် သိရအောင်လို့ မေးတာပေါ့ ”

“ ရှင်မေးတာကို မဖြေနိုင်ဘူးဆိုရင်ကော ”

“ မင်း မရိုးသားလို့ပဲလို့ စွပ်စွဲလိုက်ရမှာ ပဲ ”

စူးစမ်းသော မျက်ဝန်းတောက်တောက်တောက်တွေ ကို နှင်းဝတ်ရည်က တန်ပြန်၍ ကြည့်ပစ်လိုက်သည်။ ဝေဇင်ရဲ့ မျက်နှာ ချောချောကို ကြည့်ရင်း တစ်စုံ တစ်ယောက် ကို ပြေးပြီး သတိရမိသည်။

“ သိပ်ကို တူပါလား၊ ကိုကိုထက်လူ အတိုင်းပဲ၊ တည်ကြည် ခန့်ညားတဲ့ဟန်၊ ပြီးတော့ ဘာမဆို တိကျပြတ်သားတဲ့ပုံက အစပေါ့။ ”

ထက်လူဆိုသော သူရဲ့ အကြောင်းကို တွေးမိခိုက် နှင်းဝတ်ရည်ရဲ့ မျက်နှာလေး တင်းမာ ခက်ထန်သွားသည်။ မျက်ဝန်းထဲမှာ နာကြည်းရိပ်ကနေ မာနရိပ်ကလေးတွေ လွှင့်လာသည်။

“ ဒီမှာ ဦးဝေဇင် ကျွန်မ ရှင့်အိမ်မှာ သိပ်ပြီး နေချင်လို့ မရိုးမသား လုပ်နေတယ်များ ထင်သလား ”

“ ထင်စရာ အကြောင်းတွေ ရှိနေသလိုပဲ ”

နှင်းဝတ်ရည် ဒေါသ အရမ်း ဖြစ်လာသည်။ တဆတ်ဆတ် တုန်နေသော အောက်နှုတ်ခမ်းကို ညီညာဖြူဖွေးသော သွားလေးတွေ ဖြင့် ဖိလိုက်လေသည်။

“ ကျွန်မကို တည်းခိုခန်း တစ်ခုခု အမြန်ဆုံး လိုက်ပို့ပေးပါ ”

စိတ်ရှိ လက်ရှိ ထသွားလို့ မရနိုင်သော အခြေအနေမို့ သူ့ထံမှ အကူအညီကို မတောင်းချင်ဘဲ၊ တောင်းယူပြောဆိုလိုက်ရသည်။

“ ဒီအချိန်ကြီး ဘယ်ကို သွားမလဲ၊ ညဉ့်နက်နေပြီကွ ”

“ အဲဒီ တော့ ကျွန်မ ဘာလုပ်ရမှာ လဲ ”

စိတ်တိုတိုနှင့် နှင်းဝတ်ရည် အသံကိုမြှင့်ပြီး ရန်တွေ့လိုက်သည်။

“ ဒီညတော့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဒီမှာ ပဲ အိပ်ပေါ့ ”

“ ဟုတ်ပါပြီ၊ ဒီကလဲ တစ်စက္ကန့်တောင် မနေချင်ပါဘူး၊ မနက်ကျရင်သာ တည်းခိုခန်းတစ်ခုခုကိုပို့ ပေးပါ ”

နှုတ်ခမ်းဖူးဖူးလေးကို အစွမ်းကုန် စူထော်ပြီး နှင်းဝတ်ရည်က စွာ လိုက်သည်။ သူမကို သိပ်မလိုလားဟန်တွေ ပြနေသော ဝေဇင်ကိုလည်း တော် တော် ကြီးကို ဒေါသ ဖြစ်နေသည်။

“ ကဲ ဒေါ်မြိုင်ရေ၊ သူအိပ်ဖို့ အခန်းပြင်ပေးလိုက် ပါဦးဗျာ ”

မဖိတ်ခေါ်ရဘဲ ဇွတ်ထိုးပြီး သူ့ အိမ်ပေါ်သို့ ရောက်လာတဲ့ ဗြိုလ်မလေးကို တွေးလေ ဒေါသ ဖြစ်လေပါ။

မကြာခင်မှာ ဒေါ်မြိုင် ပြန်ရောက်လာသည်။

“ အခန်း အသင့် ဖြစ်ပါပြီ ”

“ ကဲ .... မမလေးအိပ်ခန်းကို ကြွပါ ”

သူမကို လိုလားနေဟန်တွေ လုံးဝ မပြသော ဝေဇင်ကို မကျေမနပ်အံလေးကြိတ်ပြီး ကြည့်လိုက်သည်။ ပြီးတော့ လှဲနေရာမှ ထဖို့ ကြိုး စားသည် ကြိုး စား၊ ပမ်းစားထိုင်လို့တော့ရပါပြီ။

တစ်ဆင့်တက်ပြီး ကြိုး စားရပ်ကြည့်သည်။ လုံးဝရပ်မရပါလား။

“ အား ..... ”

တင်ပါးဆုံခွက်က မခံမရပ်နိုင်အောင် နာကျင်လာသည်။ အောက်နှုတ်ခမ်းကို သွားဖြူဖြူလေးတွေ ဖြင့် တင်းတင်းဖိကိုက်လိုက်သည်။ မျက်ရည်ကြည်တွေ မျက်ခမ်းထဲမှာ ဝေ့ဝဲလာသည်။

သူမရဲ့ လှုပ်ရှားဟန်ကို ဝေဇင်က ခပ်တည်တည် မျက်နှာထားနှင့်

ကြည့်နေသည်။

“ မလျှောက်နိုင်ဘူးလား ”

“ မမြင်ဘူးလား ”

နှင်းဝတ်ရည်က ဒေါသ ဖြစ် ဖြစ်နှင့် ဆောင့်ဆောင့် အောင့်အောင့်လေး ပြန်အော်လိုက်သည်။

“ တော် တော် လဲ ကျလောက်တဲ့ ကောင်မလေး၊ သူများ အိမ်လဲ ပိုင်စိုး ပိုင်နင်း လာနေသေး၊ သူကပဲ ဟောက်ရတယ်လို့ ”

ကိုျတ်ပြုံး နှင့် အတူ ဝေဇင်က တွေး လိုက်သည်။

“ မင်း မလျှောက်နိုင်ရင်တော့ အခန်းထဲ ရောက်ဖို့တစ်နည်းပဲ ရှိတော့တယ် ”

သူမနားဆီသို့ ပြုံး စစ မျက်နှာနှင့် ဝေဇင်က ကပ်လာသည်။

“ ကဲ လာ ”

ဗွေ့ခနဲ သူမရဲ့ ကိုယ်လေးကို ပွေ့ချီလိုက်သည်။ နှင်းဝတ်ရည်ရဲ့ နှလုံးသားအိမ်ထဲမှာ လေပွေတစ်ချက် မွှေ့သွားသည်။ တစ်ကိုယ်လုံး သူ့ရင်ခွင်ကျယ်ကြီးထဲ ရောက်ပြီးရှိန်းခနဲ ဖိန်းခနဲ နွေးထွေးသွားရပါသည်။

ရင်ခွင်ထဲ ရောက်နေတဲ့ ထွေးထွေးအိအိ ကိုယ်ခန္ဓာလေးကို ပွေ့ချီရင်း မျက်နှာနုနုလေးကို တစ်ရှိုက်မက်မက် သတိလက်လွတ် ငေးကြည့်မိသည်။

ပိတ်ဆို့ထားသော နှလုံးသားတံခါးကို သည်ကလေးမက မသိသား ဆိုးရွားစွာ ရိုက်ချိုး နေပြီလေ။

“ မကြိုး စားနဲ့ မိန်းကလေး မင်း မောသွားမယ်၊ ငါ့ ရဲ့ နှလုံးသားထဲကို ဘယ်သူမှ ထပ်ပြီး အဝင်မခံနိုင်ဘူး၊ သူ့ကြောင့် ကြေမွှအက်ကွဲသွားတဲ့ နှလုံးသားကို ဒီအတိုင်းပဲ ရှိစေလိုက်တယ်၊ အက်ကွဲကြောင်းတွေ နဲ့ ခြောက်သွေ့နေတဲ့ နှလုံးသား ဒီအတိုင်းပဲ ရှိပါစေ၊

ဘယ်လို မေတ္တာရေစင်မျိုး နဲ့မှ မပက်ဖျန်းနိုင်ဘူး ”

ထိုသို့ အတွေးနှင့် အတူ ကြည်မွေ့ ဆွတ်ပျံ့သွားတဲ့ မျက်နှာကို ပြန်ပြီး တင်းမာခက်ထန်စေလိုက်သည်။ ခြေလှမ်း ကဲ့တွေ ဖြင့် အိပ်ခန်းသို့ ရောက်အောင် အမြန်လျှောက်ပြီး၊ ကုတင်ပေါ်သို့ နှင်းဝတ်ရည်ကို ချလိုက်သည်။

စိတ်ထဲက ခံစားမှု ရောင် ပြန်ကြောင့် သူ့ရဲ့ ပြုံမှု ဟန်တွေ က မသိမ်မွေ့တော့ပါ။

“ အား ..... ”

ညင်သာမှု မရှိတဲ့ လုပ်ရပ်ကြောင့် နှင်းဝတ်ရည်ရဲ့ ကိုယ်လေး မသက်မသာ ကျသွားသလို တင်ပါးကလည်း အသည်းခိုက်အောင် နာသွားသည်။

“ ရှင် .... ဘယ်လို လုပ်လိုက်တာလဲ ”

“ နာစေချင်တဲ့ စိတ်နဲ့ မဟုတ်ပါဘူး၊ နာသွားရင်တော့ ဆောရီးပဲ ”

“ ကြည့်ပြောပုံကိုက အချိုး မကျလိုက်တာ ”

နှင်းဝတ်ရည်ကို တစ်ချက်လေးတောင် စောင်းငဲ့မကြည့်ဘဲ၊ အခန်းထဲက ထွက်သွားသည်။ တင်းပါးကနာသည့် အနာထက် နှင်းဝတ်ရည် ရင်ထဲမှာ ပိုလွန်စွာ မခံမရပ်နိုင်အောင် နာကျင်နေလေသည်။

တစ်ယောက် တည်း အခန်းထဲမှာ ကျန်ရစ်ခဲ့တော့ အားငယ်စိတ် ဝမ်းနည်းစိတ်တွေ ရင်ထဲမှာ ဆူဝေလာသည်။

ထက်လူကို ပြေးပြီး သတိရလိုက်သည်။ သိပ်ပြီးတိကျပြတ်သားတဲ့ ထက်လူကို မခံချင်စိတ်နှင့် စွတ်စွတ်လုပ်ခဲ့မိတာမှား းလေပြီလို့ ထင်မိသည်။

စိတ်ဓာတ်ကျစွာ နှင့် နှင်းဝတ်ရည်က ရှိုက်ကာ ရှိုက်ကာ ငိုလိုက်သည်။

တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။ အားကိုးရာမဲ့ ဘဝမှာ ချောက်ချား စိတ်အားငယ်စိတ်တွေ ကြီးစိုးနေသည်။ သည်တော့ အိပ်စက်ခြင်း ဆိုတာကအဝေးမှာ လေ့။

***